# 8 Hours in Heaven
# By
# (Ricardo Cid)
# ရှစ်နာရီအကြာ ကောင်းကင်ဘုံပေါ်မှာ

ခရစ်တော်ဘုရားက 'လူ့လောကတွင်ရှိသော ငါ၏ချစ်သားၤသမီးတို့ သိစေအံ့သောငှါၤသင့်အားဖြင့် ငါမှာကြားလိုက်သည်မှာ. . **ငါၤခရစ်တော်ဘုရား တဆူတည်းသော ထာဝရဘုရားသည် ကောင်းကင်ဘုံတွင် အစစ်အမှန်တည်ရှိ၍ အသက်ရှင်သောဘုရားဖြစ်သည်။**

***ထို့နောက်မှ ငါကြည့်လျှင်၊ ကောင်းကင်၌ တံခါးဖွင့်ထားလျက်ရှိ၏။ ရှေ့ဦးစွာ ကြားရသောအသံဟူမူကား၊ ဤအရပ်သို့တက်လော့၊ နောင်ကာလ၌ ဖြစ်ရမည်အရာတို့ကို ငါပြမည်ဟု ငါနှင့်ပြောလျက်ရှိသော တံပိုးခရာသံကဲ့သို့ ဖြည်လေ၏။ (ဗျာဒိတ်ကျမ်း-၄း၁)***

***ထိုအခါ ငါကြည့်၍၊ ပလ္လင်တော်မှစသော သတ္တဝါတို့နှင့် အသက်ကြီးသူတို့၏ပတ်ဝန်းကျင်၌၊ ကုဋေသန်းပေါင်းများစွာသော ကောင်းကင်တမန်တို့၏အသံကို ငါကြား၏။ (ဗျာဒိတ်ကျမ်း-၅း၁၁)***

**အသင်းတော်နှင့်ယုံကြည်သူ ခမ္မမိတ်ဆွေအပေါင်းတို့ -**

အိပ်မက်တစ်ခုမက်နေစဉ် ကျွန်တော်ဟာ အိမ်ထဲမှအိမ်ပြင်သို့ ယောင်တောင်တောင်နဲ့ လမ်းလျှောက်ထွက်လာတယ်။ အိမ်ဘေးနားမှာရှိတဲ့ အိမ်နီးနားချင်း အိမ်များကိုကျော်ဖြတ်ပြီး၊ လမ်းမကြီးအတိုင်း ခပ်ဝေးဝေးကိုလမ်းလျှောက်လာစဉ် တစ်ယောက်ယောက်က ကျွန်တော့်ကို လက်နှင့်မချိုပြီး ကောင်းကင်သို့ချီဆောင်သွားတယ်။ ချက်ချင်းဆိုသလို တိမ်တွေကြားမှာ ကျွန်တော်ပြေးလွှားနေရင်းဖြင့် ခရစ်တော်ဘုရားနဲ့ နာမတော်ကို စိတ်ရောကိုယ်ပါအပြည့်အဝဖြင့် ကောင်းချီးပေးနေမိတယ်။ သန့်ရှင်းထိန်လင်းတဲ့ အလင်းတန်းကြီးတစ်ခု ကျွန်တော့်အနားမှာ ရုတ်တရက်ပေါ်လာပြီး၊ **'ရီကားဒို. . . ရီကားဒို သင်၏အလုပ်ကိုထွက်လိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ငါသည်သင့်ကိုရော၊ အသင်းတော်ကိုရော အသုံးပြုချင်တယ်'**

ဒီအသံ . . . ဒီထူးခြားတဲ့အသံကို ကြားလိုက်မိတာနဲ့ ကျွန်တော့်တစ်ကိုယ်လုံး ကြောက်လန့်စွာတုန်လှုပ်ပြီး အိမ်မက်မှလန့်နိုးလာမိတယ်။ ကြောက်လွန်းလို့ ဒူးထောက်ပြီး 'ဘုရားရှင်ကယ်တော်မူပါ၊ အဲ့ဒါဘာအိပ်မက်လဲ ဘုရားရှင်' လို့ ဆုတောင်းလိုက်ရတယ်။

အံ့ဩဖို့ကောင်းစွာ ဒီအသံတစ်ထပ်တည်းပဲ အကြိမ်ကြိမ် ကျွန်တော့်ဆီကို အိပ်မက်တွေထဲမှာ လာလာပြောတယ်။ အဲ့ဒီအသံကိုကြားတိုင်း ကြောက်လွန်းလို့ ထထပြီးအော်လိုက်တာ ညသန်းခေါင်ကျော်ချိန်များစွာပါပဲ။ အခုတော့ မိဘတွေလည်း ကျွန်တော့်ကိုအရမ်းစိုးရိမ်လာရပြီ။ အမေတို့၊ အဖေတို့ကိုပြောပြတော့ အမေက 'အကယ်၍ ဘုရားရှင်က သားကိုတကယ်စကားပြောတာမှန်တယ်ဆိုရင် သူကိုယ်တိုင်ပဲ နားလည်နိုင်တဲ့ဉာဏ်ကိုပေးပြီး၊ သူကိုယ်တိုင်ပဲ သားကိုအသုံးပြုပေလိမ့်မယ်' လို့ပြောတယ်။ အမေ. . . ဉာဏ်အမြော်အမြင်ရှိတဲ့အမေ. . .၊ သိပ်ပညာရှိတဲ့အမေရဲ့စကားပါပဲ။ အမေပြောတဲ့အတိုင်း တစ်ခွန်းမကျန်အကုန်ဖြစ်လာရတော့တယ်။

အကယ်၍ ကျွန်တော့်ကိုအသုံးပြုမယ်ဆိုတာမှန်ပြီး၊ တကယ်ပဲအလုပ်ထွက်စေချင်တယ်ဆိုရင် နိမိတ်လက္ခဏာတစ်ခုခုတော့ပြပါလို့ ကျွန်တော်နဲ့အမေ အတူတကွဆုတောင်းကြတယ်။ မလွယ်ဘူးလေမိတ်ဆွေ။ စဉ်းစားကြည့်လေ. . . ဒီခေတ်ကြီးထဲမှာအလုပ်ထွက်ရမယ်ဆိုတာ။ ထွက်ပြီး ဘယ်လောက်ကြာမှအလုပ်ပြန်ရမလဲ? ဘာပဲဖြစ်ဖြစ်လေ. . . အချိန်တစ်ခုတော့ စောင့်ကြည့်ရဦးမှာပေ့ါဆိုပြီး၊ ရေမိုးချိုးပြီး ကျွန်တော်အလုပ်လုပ်တဲ့ 'ချီလီသုတေသနခွဲခန်း' ဆီသို့ ဦးတည်ခဲ့မိတယ်။

ကျွန်တော့်အလုပ်ကို ကျွန်တော်သိပ်သဘောကျတာအမှန်ပဲ။ ဘယ်လိုမှလည်းအလုပ်ကနေမထွက်ချင်ဘူး။ အလုပ်မှာပျော်တယ်။ ဒါနဲ့ပဲ ဘုရားကိုဆုတောင်းလိုက်မိတယ်။ ဒီရူပါရုံမြင်မက်တာတွေ၊ အသံကြားရတာတွေ၊ အလုပ်ကထွက်ခိုင်းတာတွေဟာ တကယ်ပဲလားလို့ မေးလိုက်တယ်။ တကယ့်ကိုအလုပ်ကထွက်ပြီး ဘုရားရဲ့ အလိုတော်အတိုင်း ဝန်တာထားပြီး၊ အမှုတော်ကိုဆောင်ရွက်စေချင်ရင် နိမိတ်လက္ခဏာများကိုပြပါလို့လည်း အစာရှောင်ဆုတောင်းရင်း မေးလိုက်တယ်။ ကျွန်တော့်နေရာမှာဆိုရင် မိတ်ဆွေလည်း ဒီလိုပဲလုပ်မိမှာပဲလေ. . .။ မဟုတ်ရင်ဘာလုပ်မလဲ? ဘတ်စကားစီးလာပြီး ရုံးကိုရောက်မယ့်မှတ်တိုင်မှာဆင်းတော့ တခါမှမသိဘူး၊ မမြင်ဘူးတဲ့လူတစ်ယောက်က 'ဒီနေရာမှာ ဘာလုပ်နေတာလဲ? ဒီနေရာဟာ ခင်ဗျားရဲ့နေရာမဟုတ်ဘူး' လို့ ခပ်တည်တည်နဲ့ပြောပြီးထွက်သွားတယ်။

ကျွန်တော်လည်း လန့်ဖြတ်သွားတယ်။ တိုက်ဆိုင်မှုပဲလေ။ ဆက်စောင့်ကြည့်ကြတာပေ့ါဆိုပြီး နေလာလိုက်တာ၊ ရုံးကဝန်ထမ်းတွေ၊ လုပ်ဖော်ဆောင်ဖက်တွေကပါ လုံးဝမမျှော်လင့်စွာ ကျွန်တော့်ကိုအကြောင်းမဲ့သက်သက် အလုပ်ထွက်ဖို့ဆိုတဲ့စကားဦးများ အကြိမ်ကြိမ်သန်းလာကြတော့တာပါပဲ။

နောက်ဆုံးတော့ ဘယ်လိုမှမတတ်နိုင်တဲ့အဆုံးမှာတော့ ကျွန်တော့်ရဲ့ Boss ကို ဒီကိစ္စကို ဖွင့်ပြောရတော့တာပဲ။ သူမက 'ရီကာဒို. . .၊ အကယ်၍များ သခင်ဘုရားက တကယ်ပဲသင့်ကိုစကားပြောတယ်ဆိုရင်. . . သူကိုယ်တိုင်ပဲ သူ့အလိုတော်ကိုဆောင်ဖို့ သင့်ကိုလမ်းပြအသုံးပြုလိမ့်မယ်' လို့ ငြိမ်သက်စွာ၊ လေးနက်စွာ စဉ်းစားပြီးမှ ပြန်ဖြေတယ်။

ကျွန်တော့်ရဲ့ နောက်ဆုံးအလုပ်ဆင်းတဲ့နေ့မှာ ဝန်ထမ်း ၂၀၀၀ (နှစ်ထောင်)ကျော်မှ စုရုံးပြီး၊ ရုံးရဲ့ Reception ဧည့်ခန်းထဲမှာ ဂုဏ်ပြုနှုတ်ဆက်ပွဲကြီးလုပ်ပေးတယ်. . .။ ဘယ်တုန်းကမှ ဒီလိုမျိုးအံ့ဩစရာတွေ ဖြစ်လာလိမ့်မယ်လို့ မတွေးမိဘူး။

အဲ့ဒီည. . . ရုံးကအပြန် အိမ်ခန်းထဲရောက်ပြီး၊ အဝတ်အစားတွေလဲပြီးတာနဲ့ တပြိုင်နက် ငလျင်ကြီး၊ အကြီးအကျယ်လှုပ်တော့တာပဲ. . 'ဟာ. . . ဒုက္ခပဲ. . . ချီလီငလျင်တော့လာပြီ' လို့အော်ပြီး အခန်းအပြင်ဘက်ကိုပြေးထွက်တော့ မမြင်ရတဲ့စွမ်းအားတစ်ခုက အခန်းအပေါက်ဝမှာရပ်တန့်ပြီး ကျွန်တော့်

ကိုအပြင်မထွက်နိုင်အောင် တားထားတယ်။ အခန်းအပြင်ဘက်မှာရှိတဲ့၊ တခြားအခန်းမှာရှိတဲ့ မိဘတွေကိုမြင်ရတယ်။ ကျွန်တော်ကြောက်လန့်ပြီး အော်ဟစ်အကူအညီတောင်းတော့ သူတို့လုံးဝကို မကြားကြဘူး။ ကောင်းကင်တမန်ကြီးက ဒီအပေါက်ဝမှာ ရှိနေသေးတယ်။ ဒါနဲ့ကုတင်ပေါ်တက်ပြီး 'ဘုရားရှင်ကယ်ပါ. . . ခရစ်တော်ဘုရားကယ်ပါ' လို့ အသံကျယ်လောင်စွာ အော်ဟစ်ဆုတောင်းမိတယ်။

ဒီခဏတာမှာပဲ နားဖြင့်ကြားနိုင်တဲ့အသံတစ်ခုက ကျွန်တော့်ကိုစကားပြောလာတယ်။ သိပ်လှတဲ့၊အေးမြကြည်လင်တဲ့ အသံလှိုင်းဓါတ်ပါရှိတဲ့ ဘုရားရဲ့. . သန့်ရှင်းသောဝိညာဉ်တော်ရဲ့ အသံပဲဖြစ်တယ်။ (အသံပိုင်ရှင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကောင်းကြီးပေးပါတယ်) **'ရီကားဒိုး. . အခုလိုအလုပ်ထွက်လာပြီးတဲ့နောက်မှာ ဘုရားကျောင်းကိုသွားပါ၊ တစ်နေ့ကို (၇)ကြိမ်ဆုတောင်းပါ၊ သင့်အတွက်နှင့် အသင်းတော်အတွက်ကို ဆုတောင်းပါ'** သခင်ဘုရား စကားပြောပြီးတာနဲ့ ချက်ချင်းငလျင်လှုပ်တာ ရပ်သွားပြီး၊ အခန်းကြီးနဲ့တစ်အိမ်လုံးက တိတ်ဆိတ်နေလို့ပေါ့။

ကြောက်ရွံ့တုန်လှုပ်စွာနဲ့ အမေ့ဆီကို ပြေးထွက်လာပြီး 'အမေ. . . အမေရေ. . . အခုပဲ ဘုရားရှင်က သားကိုစကားလာပြောတယ်။ အောင်မလေးကြောက်လန့်တာ ကယ်ပါဦးအမေ' လို့ ပြောလိုက်တယ်။

အမေလည်း ကြောက်လန့်ပြီး ကြောင်တောင်တောင်နဲ့ ဘာပြန်ပြောရမလဲဖြစ်သွားတယ်။ အိမ်အပြင်ကို ပြေးထွက်ပြီး 'ဘုရားရှင်လာပြီး စကားပြောသွားတယ်' လို့ ကုန်းအော်လိုက်တဲ့ကျွန်တော်ဟာ အရူးတပိုင်းလိုပါပဲ။ တော်တော်များများသော အခုခေတ်ကာလလူတွေဟာ ဘုရားကလူကို တိုက်ရိုက်စကားပြောတယ်ဆိုတာကို မယုံကြည်ကြတော့ဘူး။ ဒါပေမယ့် ယုံပါမိတ်ဆွေ. . . ။ အာဗြဟံကို စကားပြောတဲ့ဘုရားရှင်ဟာ ယနေ့အချိန်အထိ လူတွေကိုစကားပြောနေတုန်းပါပဲ. . . ။ "ဟာလေလုယာ"

ချက်ချင်းပဲ ဘုရားကျောင်းမှာရှိနေတဲ့ သင်းအုပ်ဆရာဆီကို ကျွန်တော်အလျင်အမြန်ပြေးထွက်လာခဲ့မိတယ်။ ကျွန်တော်ဘာတွေဖြစ်နေလဲဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော်လည်းမသိတော့ဘူး။ သင်းအုပ်ဆရာကို ဖြစ်ကြောင်းရယ်ကုန်စင်ပြောပြတော့ ဆရာက နောက်နေ့မနက် (၈)နာရီကစပြီး. . . ကျွန်တော့်အတွက် ဘုရားကျောင်းတံခါးကို ဖွင့်ပေးပြီး၊ လာရောက်ဆုတောင်းစေလိုကြောင်း ပြန်ပြောတယ်။

ပထမဦးဆုံး ဆုစတောင်းတဲ့ရက် - ပထမ တစ်နာရီ၊ ဒုတိယ တစ်နာရီ ဆုတောင်းပြီး၊ တတိယတစ်နာရီကြတော့ ကျွန်တော်ဘာဆက်ဆုတောင်းရမလဲဆိုတာကို မသိတော့ဘူး။ ဒါနဲ့ပဲ 'ဘုရားရှင်. . . နောက်ထပ် (၄)နာရီတောင် ကျန်သေးတယ်၊ အလုပ်ကလည်း ထွက်ခဲ့ပြီးပြီ၊ ဘုရားကျောင်းမှာလည်း ကျွန်တော်တစ်ယောက်ထဲ ဘာဆုဆက်တောင်းရမလဲ' လို့ မေးလိုက်မိတယ်။ ကျွန်တော့်နေရာမှာဆို မိတ်ဆွေ ဘာလုပ်မိမလဲ?

ချက်ချင်းပဲ မြေအောက်မှ ငလျင်လှုပ်သံကြီး အကျယ်ကြီးကို ဘုရားကျောင်းအနောက်ဘက်တံခါးပေါက်ဘက်မှ ကြားလိုက်ရပြီး၊ ဘုရားကျောင်းကြီးတစ်ခုလုံးဟာ ဗယ်ဘက်မှညာဘက်သို့ ယိမ်းထိုးသလို ယိမ်းထိုးလှုပ်ရှားလာတယ်။ နားဖြင့်ကြားနိုင်တဲ့ အသံဖြင့် ဘုရားရှင်က ကျွန်တော့်ကိုစကားစပြောတယ်။ ဒါပေမယ့် ဒီတစ်ခါက အရင်တစ်ခါလိုအသံမျိုးမဟုတ်ဘဲ ဩဇာအာဏာရှိတဲ့ အသံနဲ့လေ။ ဘုရားရှင် ထာဝရဘုရားက **'ရီကားဒို. . . ရီကားဒို ငါ့ရဲ့အသင်းတော်အတွက် ဆုတောင်းပါ။ အသင်းတော်ဟာ အရင်ကလိုမျိုး မဟုတ်ကြတော့ဘူး။ ယုံကြည်ခြင်းလျော့နည်းပြီး ပျောက်လွင့်နေပြီ၊ ငါ့အသင်းတော်၊ ငါ့ကိုယုံကြည်သူတွေဟာ ငါထာဝရဘုရားဟာ အစစ်အမှန်တည်ရှိတယ်ဆိုတာကို လုံးဝမယုံကြည်ကြတော့ဘူး။ ဆက်ကပ်ပြီး ငါ့အသင်းတော်အတွက် ဆုတောင်းပေးပါ။ ဆက်ကပ်ဆုတောင်းတဲ့အသက်တာ၊ ဝန်တာထားပြီးဆုတောင်းတဲ့အသက်တာ ငါ့အသင်းတော်၊ ငါ့သားသမီးတွေဆီမှာ လုံးဝမရှိကြတော့ဘူး။'** ဒီအသံစကားပြောပြီး ရပ်လိုက်တာနဲ့ ငလျင်ကြီးလည်း လှုပ်ရှားမှုချက်ချင်းရပ်တော့တာပဲ။

ကျွန်တော် ဘာလုပ်လဲသိလား မိတ်ဆွေ. . .

ဘုရားကျောင်းအရှေ့၊ အနောက်ကို အပြန်ပြန်အလှန်လှန် လမ်းလျှောက်ရင်း ကြီးမားတဲ့ယုံကြည်ချက်၊ သူတပါးကိုပြောင်းလဲစေချင်တဲ့ခံယူချက်၊ ဘုရား စေခိုင်းတဲ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်ချင်တဲ့ စိတ်ဓါတ်တို့ဖြင့် စတင်ပြီး၊ အသံထွက်ပြီး လမ်းလျှောက်ရင်း ဆုတောင်းပါလေကော။ ကျန်ရှိသေးတဲ့ (၄) နာရီပြည့်ပြီ။ ဒီလိုမျိုးကို တစ်နေ့ကို (၇)နာရီ ဆုတောင်းလာလိုက်တာ တစ်ပတ်ကုန်ဆုံးလို့ နောက်အပတ်ထဲကို ရောက်သည်အထိပေါ့။

ဒုတိယအပတ် . . . ကြာသပတေးနေ့. . . ။

မနက်မိုးလင်း နိုးနိုးချင်းမှာဘဲ ကိုယ်ခန္ဓာတစ်ခုလုံး ကိုင်ရိုက်ထားသလို နာကျင်နေပြီး၊ အရိုး၊ အဆစ်အမြစ်တွေ အားလုံးဟာ ကိုက်လိုက်တာ၊ နာလိုက်တာဗျာ. . . ။ အမေကတော့ ပြောရှာပါတယ်။ သားရယ်. . . ဒီနေ့တော့ ဘုရားကျောင်းမသွားဘဲ အိမ်မှာဘဲနေပြီး ဆုတောင်းပေါ့တဲ့။ ကျွန်တော့်ကိုယ် ကျွန်တော် သတိပေးလိုက်တယ်။ ဘုရားရှင်ရဲ့စေခိုင်းချက်ထဲမှာက ဘုရားကျောင်းကို သွားရမယ်ဆိုတာပါတယ် ဆိုတာကိုလေ. . . ။

ထူးဆန်းစွာပဲ အဲဒီနေ့မှာ၊ ဘုရားကျောင်းမှာ လူတော်တော်များများရောက်နေပြီး ဆုတောင်းနေကြတာကို တွေ့လိုက်ရတယ်။ သူတို့ကိုယ်တိုင်ကျတော့ နားကိုလာပြီး၊ နာကျင်နေတဲ့ဒဏ်၊ ကိုက်ခဲနေတဲ့ဝေဒနာကို ပျောက်ကင်းဖို့ရန် လက်တင်ပြီးဆုတောင်းပေးကြတယ်။ အဲ့ဒီဆုတောင်းသံတွေကြားနေစဉ်မှာပဲ. . . ဘုရားထံတော်က ခွန်အားတစ်ခုဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲကို စီးဝင်လာတယ်။ ဟာလေလုယ. . ။ကျွန်တော်ချက်ချင်းကောင်းလာပါပြီ။ ဒူးလည်း ထောက်နိုင်ပြီ။ ချက်ချင်းဆိုသလို ကျေးဇူးတော်ချီးမွမ်းပြီး ဆုတောင်းတော့တာပါပဲ။ (၇)နာရီကြာ ဆုတောင်းမှုပြီးတဲ့အခါမှာ အိမ်ပြန်နားနေလိုက်တယ်။ အဲ့ဒီနေ့မှာပဲ ညနေပိုင်းဆုတောင်းစည်းဝေးရှိတဲ့အတွက် ဘုရားကျောင်းကိုတစ်ခါ ကျွန်တော်ပြန်လာခဲ့ပါတယ်။ စည်းဝေးအပြီး သင်းအုပ်ဆရာကောင်းချီးပေးလို့အပြီးမှာပဲ ကျွန်တော့်လက်များကို ဘာမှန်းမသိ ကျွန်တော်မြှောက်လိုက်မိတယ်။ အဲ့ဒီလက်မြှောက်စဉ် တစ်စုံတယောက်က ကျွန်တော့်ကိုပုပ်လိုက်တယ်။ ချက်ချင်းပဲ လူမှာရှိတဲ့စွမ်းအင်တွေ အားလုံးပျောက်သွားပြီး၊ အရုပ်ကြိုးပျက်သလို ကြမ်းပြင်ပေါ်ကိုခွေပြီး ကျွန်တော်ပြုတ်ကျသွားတယ်။ သင်းအုပ်ဆရာအပါအဝင်လူတွေအားလုံးဟာ ကျွန်တော့်ဆီကို အပြေးအလွှားရောက်လာကြတယ်။ သင်းအုပ်ဆရာက ဘာဖြစ်တာလဲလို့ ကျွန်တော့်ကိုမေးတော့ ဘာဖြစ်သွားမှန်းမသိဘူးဆရာလို့ ကျွန်တော်ပြန်ပြောလိုက်တယ်။ တခြားသောဘာသာစကားနဲ့လူတော်တော်များများက ချက်ချင်းဆုတောင်းပေးကြတယ်။ လူအချို့ကလည်း

ကောင်းကင်တမန်တစ်ပါး ကျွန်တော့်ဆီကို ဘုရားကျောင်းထဲမှာလမ်းလျှောက်လာနေတယ်လို့ သူတို့မြင်နေရကြောင်း ပြောကြတယ်။ ခန္ဓာကိုယ်ထဲက ဝိညာဉ်ကိုလာနှုတ်ပြီး၊ ဘုရားဆီကိုပို့ပေးဖို့လေလို့လည်း ပြောတယ်။ ကျွန်တော်လည်း ထိုကောင်းကင်တမန်ကြီးကို တွေ့လိုက်ရပါတော့တယ် ဘုရားရှင်ရယ်။

ချက်ချင်းဆိုသလို သင်းအုပ်ဆရာက 'သင့်ဝိညာဉ်၊ ဒီခန္ဓာကိုယ်ထဲက မထွက်စေရ' လို့ ကျွန်တော့်ကိုလှမ်းပြီး အမိန့်ပေးသံနဲ့ ပြောလိုက်တယ်။ ကျွန်တော့်ကို ကောင်းကင်ဘုံသို့ လာရောက်ချီဆောင်ဖို့ လမ်းလျှောက်လှမ်းလာတဲ့ ကောင်းကင်တမန်ကြီးဟာ ဒီသင်းအုပ်ဆရာရဲ့ အမိန့်သံကို ကြားတာနဲ့ တပြိုင်နက် လမ်းလျှောက်လာနေတာကို ချက်ချင်းရပ်လိုက်တယ်။ ကျွန်တော်နဲ့တော့ အတော့်ကိုနီးနေပါပြီ. . .။ 'အချိန်ဘယ်လောက်ကြာကြာ၊ သင့်ကို ကောင်းကင်ပေါ်သို့ ဒီကောင်းကင်တမန်ခေါ်သွားမှာလဲလို့ သင်းအုပ်ဆရာက ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်ကလည်း ထိုကောင်းကင်တမန်ကြီးကို 'ကျွန်တော့်ကို (၁)နာရီလား၊ (၂)နာရီလား? (၃)နာရီလား ခေါ်သွားမှာ' လို့မေးတော့ (၈)နာရီကြာကြာ ခေါ်သွားပြီး၊ တတိယကောင်းကင်ဘုံမှာ ခရစ်တော် ဘုရားကို သင်သွားတွေ့ရမယ်။ ဘာကြောင့်လဲဆိုတော့ ယခုသင့်ကို ဘုရားရှင်စောင့်နေတယ်' လို့ ပြန်ပြောတယ်။ ကောင်းကင်တမန်က ဆက်ပြီးတော့ 'ကျွန်ုပ်ဟာသင့်ကို ကောင်းကင်ပေါ်ခေါ်သွားမဲ့ ကောင်းကင်တမန်မဟုတ်ဘူး. . . ကျွန်ုပ်ဟာ သင့်ကိုမြေကြီးပေါ်မှာ အသက်ရှင်စဉ်မှ သေစဉ်ကာလအထိ၊ ကာကွယ်စောင့်ရှောက်ပေးနေတဲ့ သင့်ရဲ့ကိုယ်စောင့် ကောင်းကင်တမန်ပဲဖြစ်တယ်။ ဒီညသန်းခေါင်ယံချိန်တိတိမှာ ကောင်းကင်ဘုံမှ ကောင်းကင်တမန်နှစ်ပါး ဆင်းလာပြီး သူတို့ကိုယ်တိုင် သင့်ကို တတိယကောင်းကင်ဘုံသို့ ချီဆောင်ပို့ဆောင်ပေးကြလိမ့်မယ်။

ဒီအကြောင်းကိုချက်ချင်း သင်းအုပ်ဆရာကြီးကို ကျွန်တော်ကချက်ချင်းပြန်ပြောပြလိုက်တော့ လက်ထောက်သင်းအုပ်ဆရာရဲ့ အိမ်ဒုတိယထပ်ကို ကားနဲ့ကျွန်တော့်ကို ခေါ်သွားဖို့ သင်းအုပ်ဆရာကြီးက အမိန့်ပေးလိုက်တယ်။

အဲဒီအိမ်ကုတင်ပေါ်မှာ လဲလျောင်းပြီးဖြစ်ခဲ့တာတွေကို ပြန်စဉ်းစားနေမိတယ်. . .။ ညသန်းခေါင်ယံနားကပ်လာတော့ ကျွန်တော့်မိတ်ဆွေတွေက ဖြူစင်တောက်ပတဲ့ ဝတ်ရုံဝတ်ထားတဲ့ ကောင်းကင်တမန်(၂)ပါး လူသွားလမ်းအလယ်မှာ ရုတ်တရက်ပေါ်လာပြီး ယခုပထမထပ်သို့တက်လာပြီး ဒုတိယထပ် သို့ရောက်နေကြောင်း ကြောက်အားလန့်အားနဲ့ လာပြောကြတယ်။ ပြောနေစဉ်မှာပဲ ထိုကောင်းကင်တမန်(၂)ပါးဟာ ကျွန်တော့်အခန်းထဲကို ရောက်လာကြ တယ်။

ကျွန်တော့်ကို တတိယကောင်းကင်ဘုံသို့ ချီဆောင်မယ့် ကောင်းကင်တမန်(၂)ပါးဟာ ချောလိုက်တာဗျာ. .။ တောက်ပတဲ့ အဖြူရောင်ဆံပင်နဲ့၊ နှင်းထက်ဖြူတဲ့ဝတ်ရုံနဲ့၊ ပုလင်းစင်ကဲ့သို့လှပတဲ့မျက်လုံးအစုံနဲ့ပေါ့။ မွေးကာစ ကလေးလေးရဲ့အသားအရေကဲ့သို့ အင်မတန်နူးညံ့တဲ့အသားအရေရှိတယ်။ သို့သော် ကျစ်လစ်သန်မာတဲ့ အားကစားသမားကဲ့သို့သော ထွားကျိုင်းတဲ့ကိုယ်ခန္ဓာနဲ့လေ. . .။ တန်ခိုးလည်းရှိတယ်၊ တန်ခိုးလည်းကြီးတယ်။ ကောင်းကင် တမန်တစ်ပါးက ကျွန်တော်ခန္ဓာကိုယ်ထဲမှ ကျွန်တော့်ဝိညာဉ်ကိုထွက်ဖို့ လက်နဲ့ အမှတ်ပေးလိုက်တယ်။ နာကျင်ပြီး ခန္ဓာကိုယ်ကြီးတစ်ခုလုံး လူသေကဲ့သို့ဖြစ် သွားပြီး ချက်ချင်းဆိုသလို အေးစက်သွားတဲ့ ခန္ဓာကိုယ်ကြီးဖြစ်သွားတယ်. . .။ မိတ်ဆွေတစ်ယောက်က Heater တစ်လုံးကို အနားကို ယူလာပေးပြီး ကျွန်တော့်ကို နွေးအောင်လုပ်ပေးရှာပါတယ်။ 'ကျွန်တော့်ကို မမြှုပ်လိုက်ပါနဲ့။ ကျွန်တော်ပြန်လာမယ်. . . ပြန်လာမယ်. . . မမြှုပ်လိုက်နဲ့နော်' လို့အော်ပြော နေပေမဲ့ မိတ်ဆွေအားလုံးကတော့ မကြားရှာပါဘူး. . .။ 'ဒီမှာလေ. . . ကျွန်တော် ဒီမှာလေ. . . မတွေ့ကြဘူးလား' လို့အော်ပြောတော့ သူတို့မကြားကြ ပြန်ဘူး. . .။ လူသေကောင်ကို အဝတ်နဲ့ သူတို့ ပတ်ရစ်လိုက်ကြပါပြီ။

ကောင်းကင်တမန်တစ်ပါးက ' ဘုရားရှင် စောင့်နေတဲ့အတွက် သွားကြရအောင်' လို့ပြောပါတယ်။ ချက်ချင်းပဲ ကောင်းကင်တမန်(၂)ပါးက ကျွန်တော့်လက်မှ မတင်ပြီး ကောင်းကင်ကိုထိုးဖေါက်ကာ အလင်းထက်မြန်တဲ့နှုန်းနဲ့ ပျံတက်သွားကြတယ်။

ဒီအကြောင်းအရာတွေကို မယုံလျှင် ကျွန်တော်ဘာမှ မတတ်နိုင်ပါဘူး မိတ်ဆွေ။ ဒါပေမယ့် တစ်ခုတော့ (သွေးထွက်အောင်မှန်ရုံမက မှန်တဲ့စကား တစ်ခွန်းတော့) ပြောပါရစေ. . .။ ခရစ်တော်ဘုရားဟာ ယနေ့ အသက်ရှင်၍ ထာဝရတည်ရှိနေတယ် ဆိုတာပါပဲ. . .။

ဘုရားနဲ့တွေ့ပြီး လူကိုယ်ခန္ဓာထဲကို ကျွန်တော်ပြန်လည်ဝင်ရောက်အသက်ရှင်ပြီးတဲ့အခါမှာ ကျွန်တော်ကဘုရားရှင်ကို 'ဘုရားရှင်. . ဒီအကြောင်း အရာတွေကို တစ်ခြားလူတွေကို ပြောပြရင် ဘယ်လိုလုပ်ယုံမှာလဲ? ယုံနိုင်စရာလဲမရှိဘူးလို့ပြောကြမှာပဲ' လို့ပြောတော့ဘုရားက ဒီစကားတစ်ခွန်းပဲ ပြန်ပြောတယ်။ ဒီစကားကြီးကို မိတ်ဆွေကို မှတ်ထားစေချင်ပါတယ်။

**'တစ်စုံတစ်ယောက်ကတော့ သင့်ရဲ့ပြန်ပြောကြားသက်သေခံချက်ကိုယုံကြည်လိမ့်မယ်။ အဲဒီယုံကြည်တဲ့လူဟာငါ့ရဲ့အသင်းတော်အစစ်မှာ တကယ်ပဲ ပါဝင်တဲ့လူ၊ ရွေးကောက်ခြင်းခံရတဲ့လူပဲဖြစ်တယ်'** လို့ပြန်ပြောပါတယ်။

ချီဆောင်လာတဲ့ ကောင်းကင်တမန်တွေနဲ့အတူ ကျွန်တော်ကမ္ဘာအပြင်ကို ရောက်ချိန်မှာတော့ လမင်းကြီးရဲ့ဘေးကို ဖြတ်ကျော်သွားပြီးနေပါပြီ။ ထို့နောက် ကျွန်တော် မျက်ဝါးထင်ထင် နေလုံးကြီးနဲ့ နဂါးငွေ့တန်းမျာကလည်း မီးလျှံများကိုလည်း မြင်လိုက်ပါတယ်။ နေကိုဖြတ်ကျော်သွားပြီးချိန်မှာ မရေတွက်နိုင်သော မြောက်မြားစွာသော ကြယ်များကိုလည်း တွေ့မြင်ဖြတ်ကျော်လာခဲ့ပါတယ်။

တစ်ခုတော့ပြောပါရစေ မိတ်ဆွေ. . .။ ဘာကြောင့် ဘုရားရှင်ကကျွန်တော့်ကို လ၊ နေ၊ ကြယ်အပေါင်းတို့ကို မြင်တွေ့စေတယ်လို့ သင်ထင်ပါ သလဲ. . .?။ တစ်ချက်တည်းပါ. . . သိစေချင်တဲ့တစ်ချက်ထဲပါ 'သူဟာ သေးသိမ်ပြီး တန်ခိုးနည်းတဲ့ဘုရားလေးမျိုးမဟုတ်ပဲ အနန္တတန်ခိုးရှင်၊ ကြီးမားတဲ့ စကြာဝဠာကြီးတစ်ခုလုံးကို ဖန်ဆင်းရုံမျှမက တည်ရှိစေပြီး ဘုန်းတန်ခိုးအာနုဘော် အပြည့်ဖြင့် စံပါယ်ပြီး အုပ်ချုပ်နေသူပါ'. . .။

ပျံသန်းချီဆောင်လာကြရာ ဖန်ဆင်းခြင်းလုံးဝမရှိတဲ့ မှောင်မိုက်အတိနေရာကို ရောက်လာကြတယ်။ ကြောက်လန့်စရာကြီး. . .။ တကယ်ပါ။ အောက်ကို ငုံ့ကြည့်လိုက်တော့ ကြယ်တွေအားလုံးနဲ့ စကြာဝဠာကြီး လည်နေတာကိုတွေ့လိုက်ရတယ်။ ကြောက်လွန်းလို့ ကောင်းကင်တမန်တွေကို 'ဘယ်ကို ခေါ်လာကြတာလဲ. . . ကျွန်တော့်ခန္ဓာကိုယ်ထဲပြန်ပို့ပေးပါလို့' အော်ပြောလိုက်တော့ 'လုံးဝအသံမထွက်နဲ့။ စကားမပြောပါနဲ့ ရီကားဒိုးရယ်. . 'လို့ ကောင်းကင်တမန်တစ်ပါးက ပြန်ပြောတယ်။ ချက်ချင်းဆိုသလို ကျွန်တော့်လက်မောင်းနှစ်ဘက်ကို မချီထားတဲ့သူတို့လက်နှစ်ဘက်မှာ. . . အားထည့်ပြီး

ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ကြတယ်။ ပြီးတော့ သူတို့ရဲ့ခြေထောက်တစ်ဘက်စီနဲ့ ကျွန်တော့်ခြေထောက်တစ်ဘက်ဆီကို တွယ်ရစ်ပြီး ခပ်တင်းတင်းထိန်းထားပေးလိုက်ကြတယ်။

မိတ်ဆွေ မြင်ကြည့်စမ်းပါ. . .။ ပျံသန်းတာကို ချက်ချင်းရပ်နေလိုက်ကြတယ်။ အဲဒီရပ်နေချိန်မှာ ကျွန်တော့်ဘေးပတ်ဝန်းကျင်အားလုံးကို လိုက်ကြည့်တော့ မှောင်မိုက်အတိ. . .။ ဘာမှကို မမြင်ရဘူး. . . ဘာမှလည်း ဖန်ဆင်းထားတာမရှိဘူး. . .။ ဘေးက ကောင်းကင်တမန်(၂)ပါးကိုလည်း မမြင်ရဘူး။ ဒါဟာဒုတိယကောင်းကင်ဘုံလား?. . .။ မကြာခင်မှာပဲ ကြောက်ဖို့ကောင်းတဲ့အသံနက်ကြီးတွေကို စတင်ကြားရတော့တာပဲ။ ကောင်းကင်တမန်နှစ်ပါးစလုံးက 'ရီကားဒိုး. . . မကြောက်နဲ့၊ ခရစ်တော်ဒို့တွေနဲ့အတူရှိတယ်' လို့သံပြိုင်ပြောတယ်။ 'ခေါင်းကို မော့ကြည့်လိုက်ပါ' လို့ သူတို့အမိန့်ပေးတဲ့အချိန်မှာတော့. . . နတ်ဆိုးဝိညာဉ်၊ မကောင်းတဲ့ အာဏာစက်တွေ၊ ဘုရားအများတွေ၊ ရုပ်ဆိုးကြမ်းတမ်းတဲ့ ဂြိုလ်ကောင်ကြီးတွေ၊ ကြီးမားတဲ့ အရှိန်များဖြင့် ရုန်းရင်းခပ်ရင်း ပျံသန်းနေကြတယ်. . .။

ကောင်းကင်တမန်တစ်ပါးက 'ဒို့တွေရဲ့ အပေါ်မှာ ဘာတွေရှိတယ် ဆိုတာ သင့်ကိုပြမယ်' လို့ပြောပြီး လက်ကို ညာဘက်မှ ဘယ်ဘက်သို့ ရွေ့လျားစေခြင်းဖြင့် ကန့်လန့်ကာဖွင့်သလို ဖွင့်လိုက်တဲ့အခါမှာ. . . အာကာသကောင်းကင်ကြီးတစ်ခုလုံး အလင်းမရှိ၊ နတ်ဆိုးအပြည့်နဲ့ ရှိနေကြတာကို တွေ့လိုက်ရတယ်။ နတ်ဆိုးတို့ နေရာပါတကား။ 'ခရစ်တော်ရဲ့နာမ၌ ချည်နှောင်ဖယ်ရှားပါ၏' ကျမ်းစာသည်စစ်မှန်၍ ဟုတ်မှန်ပါပေတယ် . . ဗျာဒိတ်ကျမ်းထဲမှာ ရေးထားတဲ့အတိုင်းကို ဒီအပေါ်မှာတွေ့လိုက်ရတော့တာပါပဲ။ 'ဒါဘယ်နေရာလဲ' လို့ ကျွန်တော်ကမေးတော့ 'ဒီနေရာဟာ စာတန်မာန်နတ်နဲ့ အပေါင်းအပါတို့ရဲ့ နေရာအရပ်ပဲ' လို့ ကောင်းကင်တမန်က ပြန်ဖြေတယ်။ 'ဒါကြောင့်မို့လို့လည်း ဒီနတ်ဆိုးတွေ ဒီနေရာက ဆင်းလာကြပြီး ကမ္ဘာမြေသို့ ရောက်လာကြပြီး. . ကောက်ကျစ်မှုအပေါင်း၊ ဖျက်စီးမှုအပေါင်းနဲ့ ဒုက္ခလာလာပေးကြတာကိုး. . .။ ဒါကြောင့်လည်း ကမ္ဘာကြီးမှာ နတ်ဆိုးတွေအပြည့် ဖြစ်နေကြတာကိုး' လို့ ကျွန်တော်တစ်ကိုယ်တည်း ရေရွတ်လိုက်မိတယ်။

များစွာသောစာတန်နတ်ဆိုး၊ မှောင်မိုက်တန်ခိုး၊ ဝိညာဉ်ဆိုး၊ အာဏာစက်ဆိုးများကိုတွေ့လိုက်ရတော့ မိတ်ဆွေသာဆိုရင် ဒီနေရာမှာကျွန်တော့်လိုပဲ အလွန်ကြောက်မိမှာပါ။ ကျွန်တော့်ကိုကာကွယ်ထားတဲ့ ကောင်းကင်တမန် (၂)ပါးက နတ်ဆိုးတွေရဲ့ မျက်နှာတွေကို ကျွန်တော့်ကိုကြည့်ဖို့ အခွင့်ပေးလိုက်လို့ ကြည့်လိုက်စဉ်မှာတော့. . . ရုပ်ရှင်တွေ၊ တီဗွီတွေမှာ တွေ့ရတဲ့ သွေးစုပ်ဖုတ်ကောင်တွေ၊ Power Rangers ဝတ်ရုံတွေ၊ မြူဆွယ်တဲ့မိန်းမ တွေ၊ သရဲတွေရဲ့ ရုပ်တွေပါတကား။ ဤကာတွန်းကားတွေအားဖြင့် ကလေးတွေရဲ့ အာရုံမှာ သူတို့ရုပ်ပုံတွေကို ပေါ်စေပြီး၊ စိတ်စွဲလန်းစေပြီး၊ မကောင်းမှုတွေကိုပြုလုပ်စေတာပါတကား။ မိတ်ဆွေ. . . ဒီနေ့ကလေးတွေဘာကြောင့် မိဘစကားကို နားမထောင်ပဲ ကလန်ကဆန်လုပ်၊ အိမ်ကထွက်ပြေး၊ ဆေးစွဲ၊ အပျက်တန်ဆာဖြစ်. . ဒါတွေအားလုံးကိုဖြစ်စေတဲ့ အဓိကအကြောင်းရင်းကတော့ ဒီမကောင်းတဲ့ဝိညာဉ်ဆိုးတွေဟာ ဒီ TV၊ ရုပ်ရှင်ကာတွန်းကားတွေကြည့်နေချိန်မှာပဲ ကလေးများရဲ့ကိုယ်ခန္ဓာထဲကို ဝင်ရောက်ပြီး၊ မကောင်းမှုတွေအားလုံးကို လုပ်ကြတာပါပဲ။

ကောင်းကင်တမန် (၂)ပါးကလည်း ဒီအချက်ဟုတ်မှန်ကြောင်း သက်သေခံတယ်။ မကြာခင်မှာပဲ ဒီနတ်ဆိုးတွေဟာ ကျွန်တော်တို့ရပ်နေတာကိုတွေ့သွားကြပြီး၊ ကျွန်တော့်ကိုဆဲဆိုပြီး ကျိန်စာအမျိုးမျိုးဖြင့် ကျိန်ကြတယ်။ သူတို့ အနားတော့ ကပ်လာလို့မရကြပါဘူး။ ကောင်းကင်တမန် (၂)ပါးရဲ့ တန်ခိုးအရှိန်နဲ့ ဘုရားရှင်ရဲ့ ကာကွယ်မှုက ကျွန်တော့်အပေါ်မှာ အပြည့်ကြောင့်လေ။

ကျွန်တော်နေတဲ့ ချီလီမြို့မှာ နာမည်ကြီးတဲ့ (Hugo)ယူဂိုလို အမည်ရှိတဲ့ ကာတွန်းသရုပ်ဆောင်ရဲ့မျက်နှာရှိတဲ့ နတ်ဆိုးဟာ ကျွန်တော့်ကိုကြည့်ပြီး ဘာပြော လဲဆိုတော့ 'ငါတို့အားလုံး ခဏအကြာ၊ ကမ္ဘာမြေကိုဆင်းပြီးတော့ ကလေးအချင်းချင်း၊ သတ်စေကြရမယ်ဟေ့' လို့ ကျိန်ပြောတယ်။

ဘာကြောင့်ကလေးတွေ အချင်းချင်းသတ်စေကြတာလဲလို့ မိတ်ဆွေထင်ပါသလဲ? ကလေးလေးတစ်ယောက်က TV ကြည့်နေတုန်း၊ ဒီမကောင်းဆိုးဝါးတွေက TV ထဲမှတဆင့် ကလေးထဲကိုဝင်ရောက်ပြီး၊ ကျန်ရှိတဲ့ကလေးတွေကို ဒုက္ခပေးတော့တာပါပဲ။ အသေသတ်စေတဲ့အထိပေါ့။

ကာကွယ်ပေးနေတဲ့ ကောင်းကင်တမန်တစ်ပါးက 'ရီကားဒိုး. . သေချာကြည့်တော့' အသိပေးလိုက်တာနဲ့တပြိုင်နက် နတ်ဆိုးတွေအချင်းချင်း၊စကားပြောနေတာကိုတွေ့ရတယ်။ တစ်ကောင်က 'အသင်းတော်တစ်ခုကို ဖျက်စီးပြီးတာနဲ့၊ ထောင်သောင်းမကသော အသင်းတော်တွေ၊ တိုးပွားလာကြတယ်. . . တောက် !. . . အသင်းတော်ကိုဖျက်စီးဖို့ ခက်လိုက်တာ' လို့ ပြောတယ်။ ခရစ်တော်လက်ထက်မှစ၍ အသင်းတော်ကို စာတန်မှ အကြိမ်ကြိမ်တိုက်ဖျက်ပါသည်။ သို့သော် ဘုရားရှင်ရဲ့အကွယ်အကာကြောင့် မအောင်မြင်ပါ။ ထို့နောက် နတ်ဆိုးကြီးမှ 'ငါတို့ရဲ့ နည်းဗျူဟာနဲ့ မဟာဗျူဟာကို ပြောင်းကြမယ်၊ ဘုရားကျောင်းအတွင်းမှာရှိတဲ့ လူတွေထဲကို ဝင်ကြမယ်။ ဒီဘုရားကျောင်းအတွင်းမှာ ဘုရားမပိုင်တဲ့ ငါတို့ရဲ့ လူတွေရှိတယ်။ သူတို့ကိုအသုံးပြုကြမယ်၊ တစ်ယောက်နဲ့တစ်ယောက် သဘောထားကွဲလွဲစေမယ်။ အတင်းတွေပြောပြီး ငြိမ်းချမ်းမှု၊ ညီညွတ်မှု မရှိစေမယ်။ လူတွေဒီလိုလုပ်ရင် သန့်ရှင်းသောဝိညာဉ်တော်စိတ်နာပြီး ဘုရားကျောင်းမှာ မရှိတော့ဘူး။ ဒါဆို ငါတို့နိုင်ပြီဟေ့' . . လို့ ပြောတယ်။

***သမ္မာသတိရှိလျက်၊ မအိပ်ပဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟု၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ (၁ပေ-၅း၈)***

ကျွန်တော့်စိတ်ထဲမကောင်းဘူး မိတ်ဆွေ. . .။

အရမ်းဝမ်းနည်းစိတ်တက်လာမိတယ်။

ကျွန်တော်ဆက်ပြီး မကြည့်ချင်တော့ဘူး။ မျက်နှာလွှဲလိုက်တော့ ကောင်းကင်တမန် (၁)ပါးက 'ရီကားဒိုးရယ်. . . ခရစ်တော်ဘုရားက ဒို့တွေနဲ့အတူရှိပါတယ်၊ ဆက်ပြီးကြည့်ပါ' လို့ပြောတယ်။

ထွန်းလင်းတောက်ပတဲ့ကြယ်ကြီးတစ်လုံးဟာ အရှိန်အဟုတ်အပြည့်ဖြင့် နတ်ဆိုးတွေနေတဲ့ ဒီအလွှာကို ဦးတည်ပြီးလာနေတယ်။ ဒီကြယ်တစ်လုံးရွေ့လာတာကို မြင်တာနဲ့ နတ်ဆိုးတွေအားလုံး လုံးဝကို ဆောက်တည်ရာမရပဲ ထွက်ပြေးနေကြလိုက်တာ. .။ ဒီကြယ်ကြီး နီးလာတဲ့နဲ့အမျှ ကျွန်တော်သေသေ

ချာချာ၊ ကွဲကွဲပြားပြား မြင်တွေ့လိုက်ရတာကတော့ အံ့ဒါကြယ်မဟုတ်ပဲ ထောင်သောင်းမက၊ ကုဋေကုဋာမကသော၊ ရေတွက်၍ မကုန်နိုင်သော ကောင်းကင်တမန်မြောက်မြားစွာဟာ မိုယ်းကောင်းကင်မြင်းဖြူများကို စီးပြီး၊ ဘုရားသခင်ရဲ့ နာမတော်ကို ကောင်းကြီးပေးချီးမြောက်တဲ့သီချင်းကိုဆိုလျက် ဒုန်းစိုင်းလာကြတာပါပဲ။ သူတို့အားလုံးက 'ခရစ်တော်ဘုရားသည် အာလဖ ဖြစ်၏။ ဩမေဃလည်း ဖြစ်၏။ အစလည်းဖြစ်၏။ အဆုံးလည်းဖြစ်၏။ သန့်ရှင်းတော်မူ၏. . သန့်ရှင်းတော်မူ၏. . သန့်ရှင်းတော်မူ၏' လို့ ကြွေးကြော်လာကြတယ်။ ကျွန်တော်အသက်ကို ရှူနေသေးရဲ့လား?၊ ကျွန်တော့်ကိုကျွန်တော်လည်း မမှတ်မိတော့ပါ။ ဒီမြင်ကွင်း. . . ဒီမြင်ကွင်း. . . ဒါ. . . ကောင်းကင်စစ်ပွဲပါလား?

ကောင်းကင်၌ စစ်ဖြစ်၏။

ခဏကြာတော့ နတ်ဆိုးမိစ္ဆာတွေ တစ်ကောင်မှ မတွေ့ရတော့ဘူး။

စစ်ဖြစ်တုန်းမှာ ကျွန်တော့်ကိုကာကွယ်ထားတဲ့ ကောင်းကင်တမန် (၂)ပါးပြောတာကတော့ 'ရီကားဒိုး. . လုံးဝမကြောက်နဲ့၊ သန့်ရှင်းတဲ့ကောင်းကင်တမန်၊ ငါတို့ဘက်မှာရှိတဲ့ ကောင်းကင်တမန်များဟာ နတ်ဆိုးစာတန်ရဲ့ ဘက်တော်သားတွေထက် အဆပေါင်းများစွာ ငါတို့ဘက်မှာရှိကြတယ်'. . .။

ထိုသန့်ရှင်းတဲ့ကောင်းကင်ဗိုလ်ခြေများဟာ အုပ်စု (၂)စုခွဲပြီး၊ အလယ်ဆောင်မှ တတိယကောင်းကင်ဘုံရှိရာသို့ ကျွန်တော့်ကိုလမ်းလျှောက်သွားဖို့ အမှတ်ပေးညွှန်ပြကြတယ်။ အလယ်လမ်းမှ လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာတော့ မိတ်ဆွေ. . . အာမင်။ ဟာလေလုယ. . . ဘုရားရှင်ရဲ့ . . ဘုရားရှင်ရဲ့ မြို့တော်၊ တတိယကောင်းကင်ဘုံကိုထင်ရှားစွာ၊ သန့်စင်မွန်မြတ်သော အဆင်းအရောင်အပြည့်နဲ့ ထည်ဝါစွာရပ်တည်နေတာကို တွေ့လိုက်ရတော့တာပါပဲ။ (ဒီမြို့တော်ကြီးကို ကမ္ဘာမြေကြီးမှ ဆက်သွယ်ရေးဂြိုလ်တုအားဖြင့် တွေ့ရှိခဲ့ကြောင်း ရေဒီယိုများနှင့် T.V များမှ လွန်ခဲ့သောကာလများတွင် ကြေငြာခဲ့ကြောင်း ကျွန်တော်အမှတ်ရသေးပါသည်။)

ကောင်းကင်တမန်များဟာ ဘယ်ဘက်မှာအုပ်စုတစ်စု၊ ညာဘက်မှာအုပ်စုတစ်စုဖြင့်ရပ်တည်ပြီး ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားရဲ့ နာမတော်ကိုကောင်းချီးပေးရင်းဖြင့် ထိန်လင်းတောက်ပနေကြတယ်။

ကောင်းကင်တမန် (၂)ပါးက 'သင်. . ဒီမှာရပ်စောင့်ပါလို့' ပြောပြီး ကျွန်တော့်ကိုထားခဲ့တယ်။

ထိုခဏမှာပဲ ဘုရားရှင်ရဲ့ သန့်ရှင်းသောမြို့တော်ထဲမှ လူပုံသဏ္ဌာန်တစ်ယောက်ဟာ ဖြူစင်တဲ့ဝတ်ရုံကိုဝတ်လျက် မြင်းဖြူကိုစီးပြီး၊ ကျွန်တော်ဆီသို့ ထွက်လာတာကို တွေ့လိုက်ရတယ်။ သူ. . ကျွန်တော့်အနားကို နီးလာတာနဲ့အမျှ ကျွန်တော့်လက်ဝဲနဲ့လက်ယာဘက်မှာရှိတဲ့ မရေနိုင်အောင်များပြားလွန်းလှတဲ့ မြင်းဖြူတွေပေါ်မှာရှိနေကြတဲ့ ကောင်းကင်တမန်တွေရဲ့ ဘုရားသခင်အပေါ်ကောင်းချီးပေးသံ၊ ချီးမွမ်းသံတို့ဟာ ပို၍ကျယ်လာပြီး အဆက်မပြတ်ကိုကောင်းချီးပေးကြတော့တာပါပဲ။

(၄)မီတာလောက်အကွာမှာ ရပ်လိုက်ပြီး မြင်းဖြူရှင်ကိုကြည့်လိုက်တော့ အတော့်ကိုချောလှပါတယ်ဆိုတဲ့ကျွန်တော့်ကို ချီဆောင်လာတဲ့ကောင်းကင်တမန်နှစ်ပါးထက် ပိုပြီးအလွန်ချောမောခန့်ညားတဲ့မြင်းဖြူရှင် ကောင်းကင်စစ်သူကြီးကိုတွေ့လိုက်ရတယ်။ သူက ကျွန်တော့်ကိုခေတ္တမျှ စူးစိုက်ကြည့်ပြီး ကြွေးကြော်လိုက်တာကတော့ 'ငါသည်ငါဖြစ်၏. . . ငါသည်မိက္ခေလ. . သင်နှင့်တကွ အသင်းတော်ကိုကာကွယ်စောင့်ရှောက်သော စစ်ဗိုလ်ချုပ်ကြီး၊ ကောင်းကင်တမန်မင်းကြီး ဖြစ်၏' လို့ကျယ်လောင်စွာ ကြွေးကြော်တယ်။ ဘုရားရှင်. . . အလိုလေး. . . မိက္ခေလကိုမျက်ဝါးထင်ထင် ကျွန်တော်တွေ့ခဲ့ရပါပြီ။

လက်ညှိုးညွှန်ပြပြီး 'ဒီမြို့တွင်းသို့ဝင်လော့၊ ဘုရားရှင်သင့်ကိုစောင့်နေတယ်' လို့ အမိန့်ပေးပါတယ်။

ဝမ်းသာမှုမျက်ရည်များကျဆင်းကာ တစ်လှမ်းချင်းလှမ်းလျက်၊ ကောင်းကင်တမန်အပေါင်း ဝန်းရံလျက်၊ ဒီမြို့ဝင်လမ်းမကြီးပေါ်မှာ ကျွန်တော်လမ်းလျှောက်လာခဲ့တယ်။

ဘုရားသခင်ရဲ့မြို့တော်ဟာ မိမိပုံရိပ်ကိုမိမိ ပြန်ကြည့်နိုင်တဲ့ ကြည်လင်တဲ့ရွှေစင်နဲ့ ဖန်ဆင်းထားတဲ့မြို့တော်ကြီးပါ။ အဓိကဝင်ပေါက်တံခါးကြီးကိုလည်း. . ပုလဲများဖြင့် တန်ဆာဆင်ထားတယ်။ ဒီလိုတံခါးမျိုးနဲ့မြို့ကြီးမျိုးကို ကမ္ဘာမြေပေါ်မှာ ဘယ်လိုမှရှာမတွေ့နိုင်ပါ။ လူကိုယ်တိုင်လည်း မဆောက်လုပ်နိုင်ပါ။ မဖန်ဆင်းနိုင်ပါ။ စကြာဝဠာကိုဖန်ဆင်းတဲ့ ဘုရားရှင်ရဲ့လက်ရာတော်စစ်စစ်ပါ။ တံခါးရှေ့ရောက်တော့ ကျွန်တော်သည် ဝင်ရမည့်သူဖြစ်သောကြောင့် တံခါးပေါက်အလိုအလျောက်ပွင့်လာပါသည်။ မြို့တွင်းမှာကြီးမားလှပတဲ့နံရံများကို ပတ္တမြားအပြည့်ဖြင့်တန်ဆာဆင်ထားသည်ကို မြို့ပြင်မှတွေ့လိုက်ရပါတယ်။ မြို့တော်အတွင်းမှာ မရေတွက်နိုင်တဲ့အသံပေါင်းများစွာဟာ ဘုရားရှင်ရဲ့နာမတော်ကို ကောင်းချီးပေးနေတဲ့အသံများကိုလည်း ကြားလိုက်ရပါတယ်။ ဩဇာအပြည့်ပါတဲ့ အသံတစ်ခုရဲ့ ကြွေးကြော်ချက်ကိုကြားလိုက်ပါတယ်။ **'ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့'** ၊ **'ဒီမြို့တော်နှင့်ကောင်းကင်ဘုံကို သန့်ရှင်းခြင်းရှိတဲ့လူမှသာလျှင် ဝင်ရောက်စံပါယ်နိုင်မယ်၊ သန့်ရှင်းမှုမရှိလျှင် ဘုရားရှင်ရဲ့မျက်နှာတော်ကို မဖူးမြင်နိုင်ကြ'** လို့ ဩဇာသံအပြည့်နဲ့ပြောပါတယ်။ ထိုအသံရှင်ရဲ့ ကြွေးကြော်မှုအပြီးမှာ အတိုင်းမသိ၊ များစွာသောအသံများက နောက်မှလိုက်ပါချီးမွမ်းကြတာကတော့ 'ငါတို့၏သိုးသူငယ်ခရစ်တော်ယေရှုနှင့် ခမည်းတော်ဘုရားသခင်သည် ကမ္ဘာအဆက်ဆက်သန့်ရှင်းတော်မူ၏. . . သန့်ရှင်းတော်မူ၏. . . သန့်ရှင်းတော်မူ၏' ဖြစ်သတည်း။

ပြန်ပြောမယ်နော် 'သန့်ရှင်းခြင်း(သို့)ဖြောင့်မတ်ခြင်းမရှိလျှင် ဘုရားရှင်ရဲ့ မျက်နှာတော်ကို မည်သူမျှမတွေ့နိုင်ပါ။'

ကျွန်တော်အခုအချိန်ထိ မြို့ပြင်မှာပဲ ရပ်နေတုန်းပါပဲ။ မြို့တံခါးကတော့ ပွင့်လျက်ပါ။

'ဤအရပ်သို့ဝင်လော့' လို့ အသံတစ်ခုက ကျွန်တော့်ကိုအမိန့်ပေးပါတယ်။

မြို့တော်ထဲကို ကျွန်တော်ဝင်လာပါပြီ။ သန့်ရှင်းသောမီးလျှံများဖြင့် ရွှေ့လျားပုံသန်းနေတဲ့ ပလ္လင်တစ်ခုကို တွေ့လိုက်ရပါတယ်။ မီးလျံများဟာ ပလ္လင်တော်မှထွက်လာပြီး တန်ခိုးကြီးလှပါတယ်။ ကြည့်နေစဉ်မှာပဲ မီးလျှံတွေထဲမှ ဘုရားတကာတို့ရဲ့ဘုရင်၊ အရှင်တကာတို့ရဲ့အရှင်ဟာ လျှောက်လှမ်းပြီး ထွက်လာပါတယ်။

သန့်ရှင်းပြီး တန်ခိုးကြီးလွန်းလို့ ကျွန်တော်မရပ်နိုင်ဘဲ ခွန်အားမဲ့စွာ ဒူးထောက်နေလိုက်ရပါတော့တယ်။ မီးလျှံများဖြင့် လမ်းလျှောက်လာပြီး၊ မီးလျှံများကြားထဲမှ သူ့ရဲ့လက်တော်ဆန့်တန်းပြီး၊ ကျွန်တော့်ကို တို့ထိလိုက်ပြီး ပြောလိုက်တာကတော့ **'အချင်းလူသား ရီကာဒိုး. . ရပ်လော့'** ။

ချက်ချင်းဆိုသလိုစွမ်းအားများ ကျွန်တော့်ခန္ဓာကိုယ်ထဲစီးဝင်လာပြီး ကျွန်တော်မတ်တပ်ရပ်နိုင်လာပါတယ်။ ချက်ချင်းဘဲ ဘုရားရှင်ရဲ့ခြေထောက်ကို ကိုင်ကြည့်မိလိုက်တယ်။ ပြီးတော့သူ့ရဲ့လက်. .၊ ပြီးတော့သူ့ရဲ့ ခန္ဓာကိုယ်. .၊ ကျွန်တော်ဘုရားရှင်ရဲ့မျက်နှာတော်ကို မော်အကြည့်မှာတော့. . . ဘုရားရှင်ရဲ့မျက်နှာတော်ကို မမြင်ရဘူး။ ဒါပေမယ့် သူ့ရဲ့ပုံပန်းသဏ္ဌာန်တော်ဟာ လောကကြီးမှာရှိတဲ့ပန်းချီဆရာ ရေးဆွဲထားတဲ့ သူ့ရဲ့ပန်းချီကား၊ ပန်းပုဆရာတွေ ထုလုပ်ထားတဲ့ သူ့ရဲ့ပန်းပုရုပ်ထုမျိုး လုံးဝမဟုတ်ဘူး။ မိတ်ဆွေ. . . တခြားဆီမှတခြားဆီ။ ခရစ်တော်ဟာ သန်မာထွားကျိုင်းပြီး ခွန်အားရှိတဲ့၊ ပုံသဏ္ဌာန်ရှိတဲ့ ဘုရားပါ။ ဖြစ်ရင်ပြီးရောဆိုတဲ့ ဘုရားမျိုးမဟုတ်ဘူး။ ရှိသမျှပါဝါအားလုံး သူ့ဆီမှာရှိတယ်။

ခရစ်တော်ဘုရားက **'ငါဟာ မြေဖြူခဲအားဖြင့် ရေးဆွဲခံရတဲ့ပုံသဏ္ဌာန်၊ သစ်သားအားဖြင့် ထုလုပ်ခံရတဲ့ပုံသဏ္ဌာန်ရှိတဲ့ဘုရားမဟုတ်ဘူး ရီကားဒိုး။ ငါသည် အသက်ရှင်ပြီး ထာဝရရပ်တည်နေတဲ့ ဘုရားရှင်ဖြစ်တယ်'** လို့ပြောပါတယ်။

ငါ၏အသင်းတော်ကို သင်ပြောကြားပေးရမှာကတော့ **'ငါထာဝရဘုရား. . တဆူတည်းသောဘုရားသည် စစ်မှန်စွာအသက်ရှင်လျက်၊ ထာဝရတည်ရှိနေကြောင်းနှင့် ကောင်းကင်ဘုံသည် အမှန်စင်စစ်တည်ရှိသည်ဖြစ်ကြောင်း၊ ငါသည် ငါ၏လူမျိုး၊ ငါ၏သားသမီးများကို စောင့်နေသည်ဖြစ်ကြောင်း'** ဟူ၍. . . ။

ခရစ်တော်ဘုရားရှင်က **'ရီကားဒိုး. . သင်မမြင်ဘူးသေးသော၊ ထူးဆန်းသည့်အရာများကိုပြမည်။ ငါနှင့်အတူ လမ်းလျှောက်ပါလော့'** လို့ပြောတယ်။ လမ်းလျှောက်လာစဉ်ကျွန်တော် ရွှေစင်လမ်းမကြီးကို ငုံ့ကြည့်လိုက်မိတဲ့အခါမှာကတော့ ကြက်သီးမွေးတပြန်းပြန်းထသွားရပါတယ်။ အောက်မှာရှိနေတဲ့ ကမ္ဘာကြီးကိုလည်းကောင်း၊ ကမ္ဘာမြေကြီးပေါ်ရှိ တစ်ဦးချင်းစီ ဘာတွေလုပ်နေကြတယ်ဆိုတာကိုလည်းကောင်း၊ အထင်းသားတွေ့လိုက်ရပါတော့တယ်။ ခရစ်တော်ဘုရားက **'ငါ၏အသင်းတော်ဘာတွေလုပ်နေတယ်ဆိုတာကို ငါအထင်းသားတွေ့မြင်နေရတယ်'** လို့ ပြောပါတယ်။ **'ကြည့်ရှုလော့၊ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက် မုန်းတီးခြင်း၊ မနာလိုခြင်း အပြည့်ပဲလေ။ ငါ့အသင်းတော်ဟာ ငါ့အပေါ်ထားရှိတဲ့ ယုံကြည်ခြင်းမရှိကြတော့ဘူး။ ငါ့ကိုမယုံချင်၊ ဦးစားမပေးချင်တော့ဘူး။ တစ်ကိုယ်ကောင်းဆန်မှု၊ မတရားမှုကိုပဲ ဦးစားပေးနေကြတယ်. . ငါ့အသင်းတော်ကို ကြားပြောလော့ ရီကားဒိုး. .။ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ နိမိတ်လက္ခဏာများမရှိတဲ့ အသင်းတော်ဟာ ငါ့အသင်းတော်မဟုတ်ဘူး။ ငါသည် ငါ၏အသင်းတော်ကို ပြန်လည်၍ နိုးကြားစေမည်'. .။**

ဆက်လက်၍ အတူတကွလမ်းလျှောက်လာကြရာတံခါးတစ်ခုကို ဖြတ်ကျော်ပြီး၊ ရွှေစင်လမ်းမကြီးကို တွေ့လိုက်ရတယ်။ ရွှေမှုန့်များရှိတဲ့ ရွှေစင်လမ်းမကြီးတစ်လျှောက် ကလေးငယ်တစ်ယောက်ပမာ ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်နဲ့ လျှောက်ပြေးရင်းနေမိတယ်။ ရွှေမှုန့်များကိုလည်း ကျွန်တော့်ကိုယ်ခန္ဓာပေါ်ကို ကြဲချရင်း ပျော်နေမိတယ်။ ဘုရားရှင်က ဒီလိုရွှေလမ်းတွေအများကြီးနဲ့ ကောင်းကင်ဘုံကိုတန်ဆာဆင်ဖွဲ့စည်းထားကြောင်းနဲ့ ဘုရားရဲ့ဆယ်ဖို့တဖို့နဲ့အလှူငွေကို မလှူဘဲ ခိုးယူတဲ့လူဟာ ဒီကောင်းကင်မြို့တော်ကို မဝင်ရကြောင်း. . . ' ကျွန်တော့်ကိုပြောပါတယ်။ ကျွန်တော်တို့ရဲ့အသက်တာများကို ပြင်ဆင်ကြရအောင် မိတ်ဆွေ. . . ။

ခဏအကြာမှာ ကြီးမားရှည်လျားတဲ့စားပွဲကြီးတစ်ခုကို ရေတွက်၍မရနိုင်လောက်အောင် များပြားတဲ့လူတွေထိုင်ဖို့အတွက် ပြင်ဆင်ထားတာကို တွေ့လိုက်ရတယ်။ စားပွဲပေါ်မှာလည်း စားစရာ၊ သောက်စရာအပြည့်နဲ့ ခန့်ညားလှပလိုက်တာ။ သရဖူများလည်း ချထားပြီး၊ ရွှေခွက်များလည်း အဆင်သင့်သောက်ရန်ပြင်ဆင်ထားတယ်။

ဘုရားရှင်က **'ရီကာဒိုး. . ဒါတွေအားလုံးအဆင်သင့်ဖြစ်နေပြီ'** လို့ပြောတယ်။ သိုးသူငယ်ရဲ့ မင်္ဂလာဆောင်ပွဲလေ။

ချီဆောင်ခြင်းခံရပြီး ရွေးကောက်ထားတဲ့ ယုံကြည်သူအမျိုးသမီးတစ်ဦးကို ကျွန်တော်အံ့အားသင့်စွာ တွေ့လိုက်ရတယ်။ ဘုရားရှင် ဒီအမျိုးသမီးကျတော့ ပြင်ဆင်နေတဲ့ကောင်းကင်တမန်တွေကို တွေ့မြင်ခွင့်ရပြီး၊ ကျွန်တော်ကျတော့ ဘာလို့မရတာလဲလို့ မေးလိုက်တော့ **'ပြင်ဆင်မှုအားလုံး အပြီးသတ်ဖြစ်နေပြီ'** လို့ ပြန်ဖြေတယ်။

ဘုရားရဲ့အလုပ်ကိုလုပ်ပြီး နာခံခြင်းအသက်တာနဲ့အသက်ရှင် လိုက်လျှောက်တဲ့လူတွေကို ဆုအပ်နှင်းဖို့ပြင်ဆင်ထားတဲ့ သရဖူများကိုလည်း တွေ့ရတယ်။ 'ဘယ်တော့ကမ္ဘာကြီးကို ပြန်လာပြီး ယုံကြည်သူတွေကို သိမ်းဆည်းမှာလဲ? ဒီကောင်းကင်ဘုံမှာ သတ်မှတ်ထားတဲ့ ကိုယ်တော့်ရဲ့နာရီရှိလျှင် ပြပါ။ ဒါမှလည်းပြန်လာချိန်ကိုအတိအကျ ကျွန်တော်တို့သိပြီးစောင့်လို့ရမှာ' လို့ပြောတော့ ဘုရားရှင်က **'ရီကားဒိုး. . . ကောင်းကင်ဘုံမှာ နာရီလည်းမရှိပါဘူး။ အချိန်ကာလသတ်မှတ်ချက်မရှိပါဘူး'** လို့ပြန်ပြောတယ်။ ဒါဆိုဘာကြောင့် အခုပြန်မလာရသေးလဲလို့ ပြန်မေးတော့ ယေရှုဘုရားက သူ့ရဲ့လက်ကိုမြှောက်ပြီး၊ လက်မနဲ့လက်ညှိုးကို တို့ထိလိုက်တယ်။ နည်းနည်းလေးပဲကျန်တော့တယ်ဆိုတဲ့ လက္ခဏာကိုပြတယ်။ ပြီးတော့ **'ဒီကျန်ရှိတဲ့အချိန်ကာလဟာ. . . ငါ့ခမည်းတော်ဘုရားရဲ့ ဂရုဏာကာလလေးပဲ။ ဒီကာလလေးအတွင်းမှာ လူတွေကိုနောင်တရပြီး၊ အပြစ်ဒုစရိုက်မှ ကင်းရှင်းစေချင်တယ်။ အပြစ်ကိုဝန်ချတောင်းပန်ပြီး. . . ခရစ်တော်ကို လက်ခံယုံကြည်စေချင်တယ်။ မကျန်ခဲ့စေချင်လို့ပါပဲ'** လို့ပြန်ဖြေတယ်။

ထိုခဏလေးမှာပဲ ကောင်းကင်တမန်တစ်ပါးရောက်လာပြီး 'အချိန်စေ့ပါပြီ။ အချိန်ရောက်ပါပြီ။ ပြင်ဆင်မှုများ ပြီးပြည့်စုံပါပြီ။ ခရစ်တော်သတို့သမီးကို လက်ခံရယူဖို့ ကြွလာပါ' လို့ဆိုပါတယ်။

ဒီစကားကိုကြားလိုက်တာနဲ့ ကောင်းကင်ဘုံတစ်ခုလုံးမှာရှိတဲ့ ကောင်းကင်တမန်အားလုံးက ခုန်ပေါက်ပြီးဝမ်းမြောက်လိုက်ကြတာ။ အိမ်ကိုထာဝရလာနေမဲ့ဧည့်သည်လာနေတာကို သိလို့ပျော်တဲ့ ပျော်ရွှင်မှုမျိုးပေါ့။ ခရစ်တော်ရဲ့ သတို့သမီးလာတာကို ပျော်နေတာလေ။ 'ဘာဖြစ်တာလဲ. . ဘာဖြစ်ကြတာလဲ' လို့ ကျွန်တော်မေးတော့ အားလုံးကပြန်မဖြေနိုင်ပဲ လက်ခုပ်တွေတီးပြီး၊ အကြီးအကျယ်ကို ကြိုဆိုကြတယ်။ ရောရောင်ပြီး လက်ခုပ်တွေဝင်တီးနေလိုက်တဲ့

ကျွန်တော်ရီကားဒိုးအဖြစ်ရယ်ပါ။ ထိုခဏဝယ် တစ်စုံတစ်ယောက်က ကျွန်တော့်ကိုလက်မှ မချီပြီး၊ ကောင်းကင်ဘုံမှချီဆောင်ကာ ကမ္ဘာမြေကြီးသို့ ပို့ဆောင်လိုက်ပါတော့တယ်။

အချိန်အလွန်တိုပါတယ် မိတ်ဆွေ. . . ။ ကျွန်တော့်ကိုမယုံချင်လျှင် မယုံပါနှင့်မိတ်ဆွေ။ ဒါပေမယ့် ဘုရားရှင် ပြန်လာနေပါပြီ။ ထာဝရသိမ်းဆည်းမယ့်ကာလ ရောက်လုပါပြီ။ ဝမ်းနည်းစရာကတော့ ဘုရားရှင်ရဲ့သားသမီးအချို့ဟာ 'ချီဆောင်ခြင်း' ဆိုတာကို လုံးဝမယုံကြည်တာပါ။ ကျေးဇူးပြု၍ အငိုက်မိနေရာမှနိုးထပြီး အမှန်တရားကိုရှာဖွေလက်ခံပါမိတ်ဆွေ (ရီကားဒိုး ငိုနေပါသည်။)

ကမ္ဘာမြေကြီးကို ပြန်ရောက်ပြီးမှ ဘုရားရှင်ပြောတာကတော့ **'ရီကားဒိုး. . ချီဆောင်ခြင်းမှာ ဒီလိုဖြစ်လိမ့်မယ်'** ဆိုပြီး ကျွန်တော့်ကိုဖွင့်ပြတယ်။ ကမ္ဘာမြေကြီးနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို တွေ့ရတယ်။ သန့်ရှင်းသောဝိညာဉ်တော်သာလျှင် စစ်မှန်သောငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ကျွန်တော်တို့ကို ပေးနိုင်တယ်။ အခုတော့ သန့်ရှင်းသောဝိညာဉ်တော် ချီဆောင်ပျံတက်သွားပါပြီ။ အဲ့ဒါဘာလဲအရှင်လို့ မေးတော့ **'ငါပြောတဲ့ ချီဆောင်ခြင်းဆိုတာ ဒါပါပဲ'** လို့ ပြန်ဖြေတယ်။

စိုးရိမ်မှုကြီးစွာနဲ့ လိုက်လာကြတဲ့မိဘတွေ၊ သားသမီးတွေကို ရှာမတွေ့ကြတော့ ဒေါသထွက်ပြီး ဘုရားကျောင်းတံခါးကို ရိုက်ချိုးပြီးဝင်လာတယ်။ ဘယ်မှာလဲ ငါတို့သားသမီးတွေ. . . အခုအားလုံးပျောက်ဆုံးကုန်ပြီလို့ပြောတယ်။ ကမ္ဘာကြီးမှာရှိတဲ့ ကလေးအားလုံးကို ဘုရားရှင်ချီဆောင်သိမ်းဆည်းသွားပါပြီ။ အားလုံးကိုမှ အားလုံးကိုပါ။ တစ်ယောက်မှမကျန်ပါဘူး။ အသင်းတော်သံစုံဒါရိုက်တာကလည်း 'ဘယ်မှာလဲ အသင်းတော်၊ ငါ့ကိုချန်ထားခဲ့ကြပြီလား' လို့ အရူးတပိုင်းအော်ဟစ်ရင်း ပြေးဝင်လာတာကိုတွေ့လိုက်ရပါတယ်။ 'ငါတို့ချစ်တဲ့ သားသမီးတွေကို ဘုရားရှင်သိမ်းဆည်းသွားပြီ။ ငါတို့ကျန်ခဲ့ပြီ' လို့အော်ဟစ်ရင်း. . ပြေးဝင်လာကြတဲ့ လူတွေ၊လူတွေဆိုတာ ဒုနဲ့ဒေး။

မိတ်ဆွေ . . .

* မယုံလျှင် ကျန်ခဲ့မယ်

* ယုံပြီး မပြုပြင်၊ မပြောင်းလဲလျှင် ကျန်ခဲ့မယ်

* ယုံပြီး မပြင်ဆင်ဘဲ၊ မစောင့်နေလျှင် ကျန်ခဲ့မယ်

* ယုံပြီး စိတ်ကြိုက်အသက်တာနဲ့အသက်ရှင်ပြီး

* မသန့်ရှင်းလျှင် ကျန်ခဲ့မယ်

သင်းအုပ်ဆရာကို 'ခင်ဗျား. . ဘာလို့ ဒီချီဆောင်ခြင်းအကြောင်း ကျွန်ုပ်တို့ကို မပြောပြတာလဲ. . . ခင်ဗျား မပြောပြလို့ ကျွန်ုပ်တို့မသိလို့ ကျန်ခဲ့ရပြီ. . . ခင်ဗျားကြောင့်. . . အဲ့ဒါခင်ဗျားကြောင့်. . . ' ဆိုပြီး ဝိုင်းဝန်းအပြစ်တင်ကြတယ်။ ဝိုင်းရိုက်ကြတယ်။ လူတွေဟာ လူစိတ်မရှိကြတော့ဘူး။ အဲ့ဒီအချိန်မှာ သရဲဘီလူးစီးနေကြပြီ. . . ဝိညာဉ်ဆိုးတွေ၊ ခန္ဓာကိုယ်ထဲဝင်ကုန်ကြတဲ့အချိန်လေ။

အသင်းတော်တစ်ခုလုံးနီးနီး ကျန်ရစ်ခဲ့တဲ့အသင်းတော်အများကြီးကို တွေ့လိုက်ရတယ်။ ခရစ်ယာန်ညီအစ်ကိုတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတယ်။ ဝမ်းနည်းပြီး စိတ်ထိခိုက်လွန်းလို့ သူ့မျက်လုံးကို သူဖျက်စီးပစ်မလို့ ကြံရွယ်နေတယ်လေ။ အချို့သောလူတွေကလည်း သူတို့ခေါင်းကိုသူတို့ ကြမ်းပြင်နဲ့ရိုက်ခွဲ၊ နံရံနဲ့ပြေးဆောင့် အစရှိတဲ့ အနိဌာရုံမြင်ကွင်းများစွာ တွေ့လိုက်ရတယ်။ ဘာကြောင့်ဒီလိုတွေ လုပ်ကြရသလဲ? ရှင်းပါတယ်။ အခုမှနောင်တအကြီးအကျယ်ရနေကြလို့လေ။ ဘုရားရှင်က အသက်တာကို သန့်ရှင်းစေပါ။ သူပြန်လာသိမ်းဆည်းချိန်ကို စောင့်နေကြပါလို့ မှာကြားတုန်းကတော့ ခေါင်းမာပြီး၊ အရေးမစိုက်ကြ။ အပြစ်ဒုစရိုက်ပြုရာသို့ အလျင်အမြန်ပြေးပြီး ပြုလိုက်ကြ။ မကောင်းမှုတွေမှာ ကျင်လည်လိုက်ကြ၊ ငွေကိုတပ်မက်ကြ။ အစားအသောက်ကို လွန်ကြူးကြ။ ကိုယ့်စီးပွား ကိုယ့်အကျိုးအတွက် စဉ်းစားတွက်ချက်ကြနဲ့လေ။

အခုတော့ ကိုယ့်ကိုကိုယ် အမြန်သေအောင်သတ်ပြီး ချီဆောင်ခြင်းမှာပါမလားလို့ ရိုက်သတ်နေကြတယ်။ ကိုယ့်ခေါင်းကိုလဲ ရိုက်ခွဲပြီး၊ နောက်ဆုံးခေါင်းအခွံပဲ ကျန်တော့သည်အထိပဲပေါ့။ နောက်ဆုံးတော့လည်း မသေဘဲ ဒဏ်ရာအကြီးအကျယ်နဲ့ မြေကြီးပေါ်လဲကြရတော့တာပဲ။ ဒဏ်ရာတွေက စီးကျလာတဲ့ သွေးတွေဟာ အဲ့ဒီအသင်းတော်ထဲက အပြင်ဘက်ကို ရေစီးသလို စီးထွက်လာတာကိုတွေ့လိုက်ရတယ်။ လူငယ်တစ်ယောက်ကလည်း 'ဘုရားရှင်ကယ်ပါ. . . ဘုရားရှင်ကယ်ပါ။ အခုချက်ချင်း ကျွန်တော့်ကိုချီဆောင်ပါ' လို့ သွေးရူးသွေးတန်း ပြေးလွှားရင်းအော်နေတာကို တွေ့လိုက်ရတယ်။ ဒါပေမဲ့ သူအလွန်နောက်ကျသွားပါပြီ။ ခရစ်တော်ဟာ လာခဲ့ပြီး အာကာသကောင်းကင်မှနေ၍ သူ၏အသင်းတော် (တနည်းအားဖြင့်) သူပြန်လာချိန်ကို သတိဝီရိယအပြည့်ဖြင့် သန့်ရှင်းစွာစောင့်နေသူများကို ချီဆောင်သွားခဲ့ပြီးပါပြီ။ ဆိုးရွားလှတဲ့ တခြားဖြစ်ရပ်မြင်ကွင်းများကိုလည်း ကျွန်တော်တွေ့လိုက်ရပါသေးတယ်။

ခရစ်တော်ဘုရားက **'ဒီဘေးဒဏ်ကြီးကာလမှာ၊ ကမ္ဘာဦးကတည်းကစပြီးအခုအချိန်ထိ တခါမှမဖြစ်ဘူးသေးတဲ့ ဘေးဒုက္ခတွေဖြစ်လိမ့်မယ်'**။ ကျွန်တော်က မေးလိုက်တယ်။ 'ဘုရားရှင်ရယ်. . . ကျန်ခဲ့တဲ့ ဒီလူတွေ သူတို့ကိုသူတို့ ရိုက်နှက်နှိပ်စက်ပြီး၊ နောက်မှဘာကြောင့် နောက်ပြန်လှန်ပြီး ခုန်ခုန်နေကြတာလဲ' လို့လေ။ အရှင်က ဖြေတယ်။ **'ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ကျန်ရစ်ခဲ့တဲ့လူတိုင်းဟာ အင်မတန်မှကို သေချင်ကြ တယ်၊ ဒါပေမဲ့ သေမင်းကို သူတို့ရှာမတွေ့ကြဘူး၊ သေလို့မရကြဘူး။ သေမင်းသည် သူတို့ထံမှ ပြေးသွားလိမ့်မယ်၊ ကမ္ဘာမြေကြီးတစ်ခုလုံးပေါ်မှ သေမင်းသည် ထွက်ပြေးသွားလိမ့်မယ်'** လို့ ပြန်ဖြေတယ်။ 'ကျန်ရစ်ခဲ့တဲ့ ယုံကြည်သူခရစ်ယာန်တွေနဲ့ သင်းအုပ်ဆရာ၊ တရားဟောဆရာတွေကျတော့ကော' လို့ မေးလိုက်တော့ ဘုရားရှင်က **' ငါသူတို့ကိုသိသလို. . သူတို့ရဲ့ စိတ်နှလုံး၊အကြံအစည်အားကိုလည်း ငါဘုရားရှင်သိတယ်'** လို့ပြန်ဖြေတယ်။

မိတ်ဆွေ. . . သင့်ကို ဘုရားရှင်သိသလို သင့်ရဲ့စိတ်နှလုံးအကြံအစည်များကိုလည်း ဘုရားရှင်သိပါတယ်။

ကျွန်တော်လဲ စိတ်မကောင်းဖြစ်လွန်းလို့ ကြမ်းပြင်ပေါ်လဲကျသွားခဲ့တယ်။

ကျန်ရစ်ခဲ့တဲ့လူတွေကို သနားလွန်းလို့လေ. . .

စိတ်ထဲမကောင်းဘူးဗျာ. . . နာကျင်လိုက်တာ။

ဘုရားရှင်က '**ဒီဖြစ်ရပ်အကြောင်းအရာတွေကို သင့်ကိုငါမြင်စေပြီး ဖော်ပြရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ သင်ကိုယ်တိုင် အသင်းတော်ကို ပြောပြပေးပြီး၊ အသင်းတော်ဟာ နောင်တရပြီးပြောင်းလဲဖို့ပဲ ပြောပေးပါ။ အကယ်၍ သူတို့အားလုံးဟာ အပြစ်ကိုဖော်ပြဝန်ချတောင်းပန်ပြီးကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲလျှင် ငါသည်သူတို့အပြစ်များကို ခွင့်လွှတ်မယ်။ ဒီအတွက် အချိန်လေးရှိသေးတယ်။ မြေကြီးပေါ်မှာ ထူးခြားမှုတွေကို ငါပြုမယ်**' လို့ပြောပါတယ်။

သင့်မျက်စိအလင်းမြင်ရပါစေ။ ချီလီနိုင်ငံမှာရှိတဲ့ ဧဝံဂေလိအသင်းတော်ဟာ အခုဆိုရင်ဖြင့် ဝိညာဉ်တော်မီးဘိတ်သိပ်ပေးခြင်းခံရပြီးနောက်ပိုင်း တဟုန်ထိုး နိုးကြားလာခဲ့ရပါပြီ။ ဘုရားရှင်က ထပ်ပြီးမှာကြားတယ်**. . 'ငါ့လူမျိုးတွေကို ပြောကြားပေးပါ။ အကယ်၍ သူတို့ဟာ သူတို့ရဲ့အပြစ်ကိုဖော်ပြဝန်ချတောင်းပန်ရင်း ငါသည်အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်သောဘုရားဖြစ်သည့်အလျောက် သူတို့အပြစ်ကို လွှတ်ပေးမယ်ဆိုတာကိုပဲ'။**

ရူပါရုံတစ်ခုကိုလည်း ထပ်ပြီး ပေးပြန်တယ်။

ကောင်းကင်ဘုံတစ်ခုလုံးကို ပြည့်စေတဲ့ မီးလျံကြီးတစ်ခုကိုပြတယ်။ ဘုရားရှင်က **'သင်တွေ့ရဲ့လား?** အဲဒီမီးလျံဟာ ချီလီနိုင်ငံပေါ်မှာတည်ရှိနေ မီးလျံကို ကိုယ်စားပြုတယ်။ ဘာကြောင့်လဲဆိုတော့ ချီလီကို ဘုရားရှင်အတွက်ဖြစ်စေမယ်။ ဘုရားရှင်ကိုယ်တော်တိုင် ချီလီကို ပြုပြင်ပြောင်းလဲစေမယ်' လို့ ပြောတယ်။ အဲ့ဒီအချိန်မှာပဲ ဒီမီးလျံကြီးဟာ စတင်လှုပ်ရှားလာပြီ။ ချီလီနိုင်ငံပေါ်သို့ ဆင်းသက်ဖို့ကြံရွယ်လာတယ်။ ခရစ်တော်က 'ငါ့ခမည်းတော်ရဲ့မျက်လုံးအစုံဟာ ချီလီနိုင်ငံပေါ်မှာရှိနေတယ်' လို့ပြောပါတယ်။ ချီလီနိုင်ငံပေါ်ကို ဒီမီးလျံကြီးကျလာတာနဲ့ တခြားနိုင်ငံတွေအားလုံးဟာ မြင်တွေ့ရလိမ့်မယ်။ တကမ္ဘာလုံးမှာရှိတဲ့ ဘုရားကျောင်းအားလုံးဟာ ဒီချီလီနိုင်ငံရဲ့ နိုးကြားမှုကြောင့် ဝမ်းမြောက်ကြလိမ့်မယ်. . . ' ။

ရူပါရုံနောက်တခုထဲမှ နေရာတစ်နေရာကို ကျွန်တော့်ကို ခရစ်တော်ဘုရားကခေါ်သွားတယ်။ "Paseo Humada" လို့ခေါ်တဲ့နေရာလေ။ ပြီးတော့ ခြေလက်သေ၊ ပြတ်၊ မျက်စိကန်းနေသူတွေ အဲ့ဒီနေရာမှာရှိနေကြတယ်။ ခဏအကြာတော့ ယုံကြည်သူခရစ်ယာန်အစစ်တွေ၊ ဒီလူတွေဆီကိုရောက်လာကြပြီး ကိုယ်ခန္ဓာအစိတ်အပိုင်ပြတ်နေတဲ့နေရာတွေမှာ လက်တင်ပြီးဆုတောင်းပေးကြတယ်ဆိုရင်ပဲ ခြေအသစ်၊ လက်အသစ်တွေ အလိုအလျောက်ထွက်ပေါ်လာပြီး အင်္ဂါအပြည့်အစုံဖြင့် လူသစ်ဘဝသို့ ရောက်သွားကြတာကို မြင်လိုက်ရတယ်။

Creative Miracle လို့ခေါ်တယ်။ ဖန်ဆင်းခြင်းတန်ခိုးလက္ခဏာပြခြင်းပါပဲ။ လက်ပြတ်နေရာမှာရှိနေတဲ့ အသားစိုင်တစ်ရှူးများက ယုံကြည်သူတွေရဲ့စကားသံ၊ ဆုတောင်းသံ၊ အမိန့်ပေးသံကို နားထောင်ပြီးတော့ အင်္ဂါအသစ်များကို သူ့အလိုအလျောက် ပေါက်ဖွားလာစေတာပဲ။ ခြေပြတ်နေရာမှာ ခြေထပ်ထွက်လာသလို၊ လက်ပြတ်နေရာမှာလက် ထပ်ထွက်လာတယ်။ ဒီအချိန်ကာလများမှာ ဘုရားရှင်ဟာ ဖန်ဆင်းခြင်းတန်ခိုးလက္ခဏာများကို ယုံကြည်သူများကို ပေးမယ်။ အသင်းတော်ထဲမှာရှိတဲ့ လူတွေကိုလည်း ကျန်းမာခြင်း၊ အနာရောဂါငြိမ်းစေခြင်းအခွင့်များပေးမယ်။ အဲဒီနေရာမှာ သေသူများဟာ ပြန်လည်ရှင်ပြန်ထမြောက်ကြလိမ့်မယ်။ ဘုရားရှင်ဟာ ချီလီနိုင်ငံကို အသုံးပြုမယ်။ ခရစ်တော်ကာလမှာ ထင်ရှားခဲ့တဲ့ တမန်တော်ကြီးတွေ ပြုလုပ်နိုင်တဲ့ နိမိတ်လက္ခဏာအားလုံး ချီလီနိုင်ငံပေါ်မှာ သွန်းလောင်းမယ်။

ကျွန်တော်ရီကားဒိုးကို. . . ဘုရားပေးခဲ့တဲ့ ရူပါရုံအားလုံးဟာ ဒါပါပဲခင်ဗျား. . . ။

ခရစ်တော်ဘုရားဟာ အလျင်အမြန် ပြန်လာပါလိမ့်မယ်။

အာမင်း. . . ။

**ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**

**ဘာသာပြန်ဆိုသူ**

**Chris Htet Naing U**

**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား ဂုဏ်ပြုလျက် ရေးသားပါသည်။)**